# လစဉ်ခြုံငုံသုံးသပ်ချက်

## Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဧပြီလ ၂၀၂၃ ခုနှစ်

HURFOM

Human Right Foundation of Monland April 2023

# "သကြံ်န်" နှစ်သစ်ကူး လှုပ်ရှားမှုများကို စစ်ကောင်စီက အကြမ်းဖက်ခြင်း၊ စစ်တပ်၏ အရေးယူအပြစ်ပေးခံရခြင်းမှ လွတ်ကင်းခြင်း တို့ဖြင့် အရုပ်ဆိုး အကျည်းတန်စေသည်။

## ဧပြီလ ၂၀၂၃

ဆယ်စုနှစ်ပေါင်းအများအပြား ကြာမြင့်စွာပင် မြန်မာနှစ်သစ်ကူးကို နှစ်စဉ်နှစ်တိုင်း ဧပြီလအတွင်းတွင် ကျင်းပခဲ့ကြသည်။ တချိန်က ပျော်ပွဲရွှင်ပွဲများ ကျင်းပခြင်း အစဉ်အလာမှာ ယခုအခါမှာ စစ်အုပ်စု၏ ရက်စက်သော အပြုအမူများကြောင့် သိသိသာသာ မှောင်မိုက်သွားစေတော့သည်။ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက် အာဏာသိမ်းရန် ကြိုးပမ်းချိန်မှစ၍ မြန်မာပြည်သူများက စစ်အုပ်စု၏ မြေပြင် အခြေအနေများသည် "ပုံမှန်" အနေအထားရှိနေပြီဟူသော ပြောဆိုချက်များကို ငြင်းဆန်ခဲ့ကြသည်။ စစ်အုပ်စုက သူ၏ တရားဝင်မှုကို ပြသသည့် နည်းလမ်း တစ်ခုမှာ သကြံ်န်ကဲ့သို့သော အားလပ်ရက်များကို တွန်းအားပေးခြင်းဖြစ်သည်။ တုန့်ပြန်သည့် အနေဖြင့် အရပ်သားများသည် သူတို့၏ လုပ်ရပ်များကို သပိတ်မှောက်ပြီး "အသံတိတ် သပိတ်များ" တွင် ပါဝင်ခြင်းဖြင့် စစ်တပ်အပေါ် မိမိတို့၏ ဆက်လက် ဆန့်ကျင်မှုကို ပြသကြသည်။

စစ်အုပ်စု၏ ရိုးသားမှု နှင့် ငြိမ်းချမ်းရေးအပေါ် ကတိကဝတ် မရှိခြင်းကို ပြသသော နောက်ထပ် အထောက်အထားတစ်ခု အနေဖြင့် အသုံးပြုနိုင်သည့် အရာမှာ သကြံ်န်မတိုင်မီ ရက်အနည်းငယ်အလိုတွင် စစ်ကောင်စီက လူပေါင်း တစ်ရာကျော် သေဆုံးစေခဲ့သော  စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ရွာတစ်ရွာကို လေကြောင်းတိုက်ခိုက်မှု ပြုလုပ်ခဲ့ခြင်း ဖြစ်သည်။

ဤတိုက်ခိုက်မှု ဖြစ်ပွားစေရန် တစ်စုံတစ်ရာ လှုံ့ဆော်မှု မရှိပဲ မည်သည့် လက်နက်ကိုင် ပဋိပက္ခမှ ဖြစ်ပွားခြင်း မရှိသည့်အချိန်တွင် ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ အစပျိုး အစီရင်ခံစာများအရ အများစုသော ထိခိုက် သေဆုံးသူများမှာ အမျိုးသမီးများနှင့် ကလေးများဖြစ်ကြသည်။ စစ်အုပ်စုက လူ့အခွင့်အရေး ကာကွယ်မှုအတွက် အလေးဂရုမပြုသည်ကို ဆက်လက် ပြသနေခြင်းလည်း ဖြစ်သည်။ ဤတိုက်ခိုက်မှုနှင့် အခြား အများအပြားသော တိုက်ခိုက်မှုများသည် စစ်အုပ်စုအနေဖြင့် တာဝန်ယူတာဝန်ခံမှု ရှိရန်နှင့် ကို တာဝန်ယူတာဝန်ခံရန် အဘယ့်ကြောင့် လိုအပ်သည်ကို ထင်ရှားသော သတိပေးချက်များ ဖြစ်စေသည်။ စစ်တပ်၏ အပြစ်ပေး အရေးယူခံရမှုမှ ကင်းလွတ်ခွင့်မှာ အာဏာသိမ်းမှု မတိုင်မီ ကာလကြာရှည်ကတည်းက ရှိနေပြီး ဖြစ်သည်။

သကြံ်န်မတိုင်မီ ရက်အနည်းငယ် ၂၀၂၃ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် အသက် ၁၇ နှစ်အရွယ် မိန်းကလေး တစ်ဦးကို ရေပက်မဏ္ဍပ်အနီးတွင် ဗုံးထောင်ခြင်းနှင့် ပတ်သက်၍ မွန်ပြည်နယ် မော်လမြိုင်တွင် ည ၉း၀၀ နာရီအချိန်တွင် စစ်ကောင်စီ တပ်ဖွဲ့များက ဥပဒေမဲ့ ဖမ်းဆီးခေါ်ဆောင်သွားခဲ့သည်။

"စစ်သားတွေ၊ ပြည်သူ့စစ်နဲ့ လျို့ဝှက်ရဲတွေ ပူးပေါင်းအဖွဲ့က မသင်းရန့်ဦးကို လာဖမ်းသွားတာ၊ မော်လမြိုင်က စစ်ကောင်စီက ဧပြီ ၁၁ ရက်နေ့က မော်လမြိုင် ရေပက်မဏ္ဍပ် အနောက်မှာ လက်လုပ်မိုင်းတစ်လုံး တွေ့တယ်လို့ ကြေညာတယ်။" ဟု သတင်းရင်းမြစ်တစ်ခုက ပြောသည်။

သူ့ကို လက်လုပ်ဗုံးနှင့်အတူတွေ့သည်ဟုဆိုကာ ရဲများက ဖမ်းဆီးပြီး အမှုဖွင့်ခဲ့သည်။ ထိန်းသိမ်းခံရသူ၏ မိတ်တွေများထဲမှ တစ်ဦးက မသင်းရန့်ဦးသည် သူ၏ facebook စာမျက်နှာပေါ်တွင် "သွေးစွန်းသော" သကြံ်န်ပွဲ အကြောင်း ပို့စ်တစ်ခုကို ကန့်ကွက်ရေးသားခဲ့ပြီး စစ်

## ဧပြီလ ၂၀၂၃

ကောင်စီ တပ်ဖွဲ့များက သူ့ကို နေအိမ်တွင်လာရောက် ဖမ်းဆီးသွားခြင်း ဖြစ်သည်ဟု HURFOM ကို ပြော ပြသည်။

"စစ်ကောင်စီ စစ်သားတွေက လမ်းကို ပိတ်ပြီး အဲဒီ နယ်မြေမှာ ဗုံးရှာကြတယ်။ လူငယ်တွေနဲ့ အွန်လိုင်း ကို တက်တက်ကြွကြွသုံးစွဲသူတွေ သတိထားဖို့ လို တယ်။ ဘာလို့လဲဆို စစ်ကောင်စီက ဒီလို ပြဿနာရှာပြီး ဇာတ်လမ်းတွေ ဖန်တီးလို့ ဖြစ်တယ်။" ဟု ဒေသခံတစ် ဦးက ပြောသည်။

ဆက်စပ်အမှု တစ်ခုတွင် မွန်ပြည်နယ် သံဖြူဇရပ် မြို့နယ် ပင်ရွာမှာ သင်္ကြန်အားလပ်ရက်များအတွင်း တွင် စစ်ကောင်စီ တပ်ဖွဲ့များက လူငယ်နှစ်ဦးကို ဖမ်းဆီး ခေါ်ဆောင်သွားပြီး သူတို့ကို ဒေသခံ လက်နက်ကိုင် တော်လှန်ရေး အဖွဲ့ဝင်များအဖြစ် စွပ်စွဲပြီး သတ်ဖြတ် ခဲ့ကြောင်း အတည်ပြုနိုင်သည်။ ပင်ရွာမှ အသက် ၃၅ နှစ်အရွယ် လူမှုရေး လုပ်သားတစ်ဦးက ထို လူငယ် သားကောင်နှစ်ဦးမှာ မည်သည့်အရပ်ကလာသည်ကို မ သိရသော လူစိမ်းများ ဖြစ်ပြီး စစ်ကောင်စီ တပ်ဖွဲ့များ က ပင်ရွာအနီးတွင် ၂၀၂၃ ခုနှစ် ဧပြီ ၁၈ ရက်နေ့က ဖမ်းဆီးခဲ့သည်။ HURFOM သတင်းထောက်များက ထို လူငယ် သားကောင်များ၏ အမည်များမှာ မောင်အာကာ မင်း ၁၆ နှစ်နှင့် အောင်မျိုးထက် ၂၁ နှစ်တို့ ဖြစ်ကြောင်း အတည်ပြုပေးကြသည်။ သူတို့ကို မသတ်ဖြတ်မီ နှိပ်စက်ညှင်းပမ်းခဲ့ကြရာ ဒေသခံ ရွာသားများအတွက် မေးခွန်းထုတ်စရာ ဖြစ်စေခဲ့သည်။ "ဥပဒေစိုးမိုးရေးက ဘယ်မှာလဲ။ ကျွန်တော်တို့ အခွင့်အရေးတွေကို ဘယ် သူက ယူသွားတာလဲ"

ရိုးရာ ပွဲတော်အတွင်း ထပ်မံ၍ ပစ်မှတ် သတ်သတ်မှတ် မှတ်မရှိသော အကြမ်းဖက်မှုများ မြန်မာနိုင်ငံ နေရာ တိုင်းတွင် ဖြစ်ပွားခဲ့သည်။ စစ်ကောင်စီ တပ်ဖွဲ့က တနင်္သာရီတိုင်းဒေသကြီး တောင်ပိုင်း ပလောမြို့နယ် အတွင်း အားလပ်ရက် ကာလများအတွင်း လူငယ်နှစ်ဦး ကို ပစ်သတ်ခဲ့သည်။ ဧပြီလ ၁၆ ရက်နေ့ နံနက် ၉း၀၀ နာရီတွင် အသက် ၂၁ နှစ်အရွယ် လူငယ်တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ သူတို့၏ မလုပ်မနေရ ကင်းလှည့် နေရစဉ်အတွင်း ဆိုင်ကယ်စီးလာစဉ် ပစ်သတ်ခံရသည်။ အမျိုးသမီးငယ်မှာ ဝမ်းဗိုက်တွင် ကျည်ဆံထိမှတ်သွားပြီး လူငယ်မှာ ဦးခေါင်းတွင် ထိမှန်ခဲ့သည်။

တနင်္သာရီတွင် စစ်ကောင်စီက သင်္ကြန်ကာလအတွင်း အနည်းဆုံး လူ ငါးဦးကို သတ်ဖြတ်ခဲ့သည်။

မွန်ပြည်နယ်တွင် မြန်မာနှစ်သစ်ကူးဖြစ်သော ဧပြီလ ၁၆ ရက်နေ့တွင် ဗုံးနှစ်လုံး ပေါက်ကွဲခဲ့ပြီးနောက် အနည်းဆုံး လူငယ် ရှစ်ဦးမှာ သံသယဖြင့် ဖမ်းဆီးခံခဲ့ရသည်။ ဧပြီ ၁၆ ရက်တွင် လက်လုပ်ဗုံးတစ်လုံးသည် တောင်ကြီး နှင့် တောင်စွန်းရွာများ အနီးတွင် ပေါက်ကွဲခဲ့သည်။ ထို ထိန်းသိမ်းခံရသူများအား မိသားစုဝင်များနှင့် ရပ်ရွာ လူကြီးများ သွားရောက် တွေ့ဆုံခွင့်မရပေ။ သူတို့ကို တွေ့ဆုံနိုင်ရန် ရဲများနှင့် ညှိနှိုင်းလျက်ရှိသည်။

ပေါက်ကွဲမှုကြောင့် အသက် ၁၀ နှစ်အရွယ် ကလေးတစ် ဦး အပါအဝင် အနည်းဆုံး ဒေသခံ လေးဦး ဒဏ်ရာ ရရှိခဲ့ သည်ဟု ဒေသခံ လူမှု တုန့်ပြန်ရေး အဖွဲ့က အတည်ပြု သည်။ အချို့သော အဆောက်အဦးများ ပျက်စီးသွား ခဲ့သည်။ ထိုနောက်ဆုံး ဖမ်းဆီးခဲ့သော လူငယ်များ အပါအဝင် စစ်ကောင်စီသည် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှစ၍ အနည်းဆုံး လူနှစ်ဆယ်ကို ထိန်းသိမ်းထားသည်။

ပစ်မှတ်ဖြစ်သော မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီ တိုင်းဒေသကြီး နယ်မြေများတွင် မွန်ပြည် လူ့ အခွင့်အရေး ဖောင်ဒေးရှင်း (HURFOM) သည် အရပ်သား များအပေါ် တိုက်ခိုက်မှုများကို ဆက်လက်၍ မှတ်တမ်း တင်ခဲ့သည်။ ဧပြီလ တလျှောက်လုံးတွင် ပိုမိုများပြား လာသော အကြမ်းဖက်မှုများနှင့် အရပ်သားများအပေါ် ပစ်မှတ်ထားခြင်းများသည် စားဝတ်နေမှုဘဝများကို ဆက်လက် ခြိမ်းခြောက်နေခဲ့သည်။ အထူးသဖြင့် စစ် အုပ်ချုပ်ရေး ဥပဒေသည် ဒေသခံ ပြည်သူများအား ဘေး ကင်းလုံခြုံမှုကို ထိခိုက်ပျက်စီးစေခဲ့သည်။ စစ်ကောင်စီ က မွန်ပြည်နယ်အတွင်း စစ်အုပ်ချုပ်ရေး ချမှတ်ခဲ့ပြီး

## ဧပြီလ ၂၀၂၃

နောက်ပိုင်း မွန်ပြည်နယ် ရေးမြို့နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး ရေဖြူတို့ အကြား နယ်မြေများတွင် သတ်ဖြတ်ခံရမှုများ နှင့် သေနတ်ဒဏ်ရာ ရရှိမှုများ တိုးများလာခဲ့သည်။ ထိခိုက်ဒဏ်ရာရမှုနှင့် သေဆုံးမှုနှုန်းများ မြင့်တက်လာခဲ့သည်။

လ၏ အစပိုင်းတွင် စစ်ကောင်စီ တပ်ဖွဲ့ဝင်များသည် မွန်ပြည်နယ် ရေးမြို့နယ်နှင့် ဘီးလင်းမြို့နယ်တို့မှ ပျောက်ဆုံးသွားခဲ့ကြသော အရပ်သား သုံးဦးကို သတ်ဖြတ်ခဲ့သည်ဟု ဒေသခံများက အတည်ပြုသည်။ စစ်ကောင်စီက သူတို့ကို စစ်အုပ်ချုပ်ရေး အောက်တွင် ကြေညာထားသော ညမထွက်ရအမိန့်များကို ချိုးဖောက်သည်ဟု စွပ်စွဲခဲ့သည်။ စစ်ကောင်စီ တပ်ဖွဲ့များက အသက် ၁၇ နှစ် နှင့် အသက် ၂၀ အရွယ် လူငယ်နှစ်ဦးကို သေနတ်ဖြင့် ပစ်ခဲ့သည်။ သူတို့ နှစ်ဦးမှာ ဒေါက်ရက်နှင့် ရွှေရောင်ပြ ရွာများအကြား ကားလမ်းမပေါ်တွင် မတ်တပ်ရပ်နေခဲ့ကြသည်။ ဖြစ်ရပ်ကို မျက်မြင်ကြုံတွေ့ခဲ့ရသော ဒေသခံ နှစ်ဦးက ထို လူငယ်များကို စစ်ကောင်စီတပ်က ပစ်ခတ်ခဲ့ကြောင်း သက်သေခံသည်။ သူတို့နှစ်ဦးကို ဒေသခံ ကာကွယ်ရေး တပ်ဖွဲ့များနှင့် ဆက်စပ်မှုရှိသည်ဟု စွပ်စွဲခဲ့ပြီး စစ်ကောင်စီက စစ်အုပ်ချုပ်ရေး ဥပဒေ တရားစီရင်ရေး၏ အစိတ်အပိုင်းအဖြစ် ချမှတ်ခဲ့သော ညမထွက်ရအမိန့်ကို ဖောက်ဖျက်ခဲ့သည်ဟု စွပ်စွဲခဲ့သည်။ စစ်တပ်က ထိန်းသိမ်းထားစဉ်အတွင်း နှစ်ဦးစလုံးများ ရရှိထားသော ဒဏ်ရာများကြောင့် သေဆုံးခဲ့သည်။

စစ်ကောင်စီ တပ်ဖွဲ့များ၏ ပစ်မှတ်သတ်သတ်မှတ်မှတ်မရှိပဲ ပစ်ခတ်ခြင်းများသည် အရပ်သားများအတွက် ကြီးမားသော ခြိမ်းခြောက်မှု ဖြစ်စေသည်။ တနင်္သာရီတိုင်းဒေသကြီး တောင်ပိုင်း ပလောမြို့နယ် ဝက်တိုးရွာမှ ဆယ်ကျော်သက်လူငယ်တစ်ဦးသည် စစ်ကောင်စီ ကျောထောက်နောက်ခံ ပြုထားသော စစ်သားများ သေနတ်ဖြင့် စတင်ပစ်ခတ်သောအခါ ပြင်းပြင်းထန်ထန် ဒဏ်ရာ ရရှိခဲ့သည်။ ထို့အပြင် အနည်းဆုံး အခြားသူ ဆယ်ဦးလည်း ဒဏ်ရာရရှိခဲ့သည်။ စစ်တပ်တပ်ဖွဲ့များ၏ ပစ်မှတ် သတ်သတ်မှတ်မှတ်မရှိပဲ လက်နက်ကြီးဖြင့် ပစ်ခတ်မှုကြောင့် အချို့မှာ ပြင်းထန်သော အခြေအနေတွင် ရှိသည်။

တနင်္သာရီတိုင်း ဒေသကြီးတောင်ပိုင်း ပလောမြို့နယ်တွင် ဧပြီ ၅ ရက် နံနက် ၉ နာရီတွင် မိမိတို့ အိမ်များမှ ထွက်ပြေးလွတ်မြောက်လာသူများမှာ စစ်ကောင်စီက ပစ်လိုက်သော မော်တာကျည်များ အတွဲလိုက် ထိမှန်ခဲ့ကြသည်။ သားကောင်များအားလုံး ဆေးဘက်ဆိုင်ရာ ကုသမှု ခံယူကြရသည်။ ရွာသား ဆယ်ကျော်သက် လူငယ်တစ်ဦးမှာ ဒဏ်ရာပြင်းထန်သောကြောင့် မြို့ရှိ ဆေးရုံသို့ လွှဲပြောင်းပေးခဲ့ရသည်။ ဒဏ်ရာရကြသော ဒေသခံများမှာ တမိုင်တောင်ရွာမှ ရွာသားများဖြစ်ကြပြီး ချိုးဖောက်ကျူးလွန်သူများမှာ နယ်မြေအနီး တောင်ကုန်းပေါ်တွင် အခြေစိုက်သည်။

အလားတူပင် မတ်လ ၂၃ ရက် ည ၈ နာရီတွင် မွန်ပြည်နယ် ရေးမြို့နယ်တွင် နိုင်ဝင်းကြည် ဆိုသူ အမျိုးသား တစ်ဦးက ကျောင်းရွာမှ ကားမောင်းလာစဉ် စစ်ကောင်စီ တပ်ဖွဲ့များကို သူ့ကို သေနတ်ဖြင့် ပစ်ခဲ့သည်။ ဤတကြိမ်တွင်လည်း သူက ညမထွက်ရ အမိန့်ကို ဖောက်ဖျက်သည်ဟု စွပ်စွဲခဲ့ပြီး ကျုံးလောင်းအခြေစိုက် ခမရ ၆၁ က သေနတ်ဖြင့် ပစ်ခဲ့ခြင်း ဖြစ်သည်။ "သူက သေနတ်ဒဏ်ရာ နှစ်ချက်နဲ့ သေသွားတယ်" ဟု HURFOM နှင့် စကားပြောသော မျက်မြင်သက်သေက ပြောပြသည်။

စစ်ကောင်စီ၏ ဆက်လက်ရှိနေသော အကြမ်းဖက်မှုများမှာ ရပ်တန့်မသွားပဲ လူအများ၏ ဘေးကင်းလုံခြုံမှုကို ခြိမ်းခြောက်လျက်ရှိနေသည်။ မြန်မာနိုင်ငံတွင် အကြမ်းဖက်မှုများ ထိန်းသိမ်းနိုင်ရန် အမြန်ဆုံး ကြားဝင် ဆောင်ရွက်မှု လိုအပ်နေသည်ဟု HURFOM က ထပ်လောင်းတောင်းဆိုလိုက်ပြီး ဗိုလ်ချုပ်ကြီးများကို တကြိမ်နှင့် အားလုံးအတွက် အရေးယူရမည်။


## လူ့အခွင့်အရေးချိုးဖောက်မှုများ တိုးမြင့်ခြင်း

မွန်ပြည်လူ့အခွင့်အရေးဖောင်ဒေးရှင်းမှ လူ့အခွင့်အရေးသတင်းမှတ်တမ်းပြုစုလေ့လာသူများအနေဖြင့် မွန်၊ ကရင် နှင့်  တနင်္သာရီတိုင်းဒေသရှိ ပစ်မှတ်ဒေသများတွင် စစ်အုပ်စုတို့မှ ကျူးလွန်နေသည့် လူ့အခွင့်အရေး ချိုးဖောက်မှုမှတ်တမ်းတင်ခြင်းကို အန္တရာယ်အတားအဆီးများကြား ဆက်လက်ဆောင်ရွက်နေပါသည်။

မတရားဖမ်းဆီးခံမှု ၇၅ ဦး ၊ ထိန်းသိမ်းခံရသူ ၄၅ ဦး၊ ဒဏ်ရာရသူများ ၆၀ ဦး၊ သေဆုံး/ သတ်ဖြတ်ခံရသူများ ၃၀ ဦး

မွန်ပြည်နယ်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းဒေသကြီးအတွင်း မတရား ဖမ်းဆီးခံရမှု ၊ သတ်ဖြတ်ခံရမှု နှင့် ဒဏ်ရာရရှိခဲ့မှု အခြေအနေများ

**ဧပြီလ ၂၀၂၃**




**2+**

**စစ်အစိုးရက ပစ်မှတ်ထားသည့် ဒီမိုကရေစီ တက်ကြွလှုပ်ရှားသူများ**

# 8

၂၀၂၃ ဧပြီလ မှတ်တမ်းတင်နယ်မြေအတွင်း အသံတိတ်
သပိတ် စုစုပေါင်းအရေအတွက်

| 6 | 1 | 1 |
|---|---|---|
| တနင်္သာရီတိုင်းဒေသကြီး | မွန်ပြည်နယ် | ကရင်ပြည်နယ် |

## ၂၄,၅၀၀+

## နေရပ်မှ အတင်းအဓမ္မစွန့်ခွာ ထွက်ပြေးရသူများစာရင်း

### ပစ်မှတ်ထားဖိနှိပ်ချိုးဖောက်ခံကြရသည့် ဒေသခံပြည်သူများစာရင်း (မွန်၊ ကရင် နှင့် တနင်္သာရီတိုင်းဒေသကြီး)

**၈**

အာဏာဖီဆန်ရေးပြည်သူလှုပ်ရှားမှုတွင် ပါဝင်လှုပ်ရှားဆောင်ရွက်သည့်အတွက် အလုပ်မှထုတ်ပယ် ခံရသူများစာရင်း

**၆**

တက်ကြွလှုပ်ရှားသူများ သပိတ်မှောက်ဆန္ဒပြမှုများတွင် ပါဝင်သူများအား အာဏာသိမ်းအုပ်စုတို့မှ ပြစ်ဒဏ်ချမှတ်သည့် စာရင်း

**၇**

ဖေဖော်ဝါရီလအတွင်း ပျောက်ဆုံးနေသူများ စာရင်း

**ကရင်ပြည်နယ်**

- IDP 9500 + ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 20 ဦးခန့်
- သေဆုံးသူ 8 ဦးခန့်

**မွန်ပြည်နယ်**

**တနင်္သာရီ တိုင်းဒေသကြီး**

ကရင်ပြည်နယ်တွင် စစ်တပ်က အပြစ်မဲ့ ရွာသားများကို ပစ်မှတ်ထား တိုက်ခိုက်လျက်ရှိသည်။ လက်နက်ကိုင် အတိုက်အခံ အုပ်စုများ၏ ရန်စမှုများ မရှိပဲ ပဋိပက္ခများ ဖြစ်ပေါ်လျက်ရှိသည်။

ဧပြီ ၁၁ ရက် နံနက် ၇း၃၅ နာရီတွင် စစ်အုပ်စု တပ်ဖွဲ့များက အနည်းဆုံး လက်နက်ကြီးမော်တာ အလုံး ၃၀ ကို ဘောကထ ော့ စစ်တပ်စခန်းမှာ KNU ထိန်းချုပ်ထားသော တပ်မဟာ ၃ အုပ်ချုပ်ရေး ဒေသအတွင်းရှိ ညောင်လေးပင် ခရိုင်၊ ကျောက်ကြီး မြို့နယ်အတွင်းကို ပစ်မှတ်သတ်သတ်မှတ်မှတ်မရှိပဲ ရမ်းသန်း ပစ်ခတ်ခဲ့သည်။ စစ်ကောင်စီ တပ်ဖွဲ့များက လူ ခြောက်ဦးကို ဖမ်းဆီးပြီး ရွာသား ဆယ်ဦးကို လူသားဒိုင်းအဖြစ် အတင်းအဓမ္မ ခိုင်းစေခဲ့သည်။ သူတို့က ကျေးရွာများအတွင်းသို့ လက်နက်ကြီးများကို ရည်ရွယ်ချက်ရှိရှိ ပစ်ခတ်ခဲ့ပြီး အိမ်အများအပြားကို ပျက်စီးစေကာ အနည်းဆုံး ရွာသား ၆၀၀ ကို အသက်ဘေး လွတ်ရာသို့ ထွက်ပြေးစေခဲ့သည်။

မနက် ၁၀ နာရီတွင် စစ်ကောင်စီ တပ်ဖွဲ့များသည် ကျောက်မော်ဘုရားကြီး ရွာမှ အပစ်မဲ့ ရွာသား ခြောက်ဦးနှင့် ကောသာစဲရွာမှ ရွာသား နှစ်ဦးတို့ကို ကရင်တော်လှန်ရေး အဖွဲ့များကို ကူညီသည်ဟု စွပ်စွဲကာ ဖမ်းဆီးခဲ့သည်။ ညောင်လေးပင် ခရိုင်၊ ကျောက်ကြီး မြို့နယ် ကျောက်မော်ဘုရားကြီး ရွာမှ ရွာသားများမှာ သူတို့၏ နေအိမ်များ တည်ရှိရာ အပြင်ဘက်တွင် တည်ရှိသော သစ်ခွစိုက်ပျိုးရေးခြံသို့ အလုပ်လုပ်ရန် သွားနေစဉ် ဥပဒေမဲ့ ဖမ်းဆီးခံခဲ့ရခြင်း ဖြစ်သည်။

အဓိပ္ပာယ်ကင်းမဲ့သော အကြမ်းဖက်မှုများ၏ သားကောင်အဖြစ် ကလေးငယ်များလည်း ဆက်လက်ခံနေကြရသည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၁၃ ရက် နံနက် ၈ နာရီတွင် KNU. ထိန်းချုပ်ထားသော နယ်မြေ ဖားအံ တပ်မဟာ ၇ တွင် အသက် ၁၂ နှစ်အရွယ် ယောက်ျားလေး တစ်ဦးမှာ ဒုံရင်း မြို့နယ် ယိုးဟာဟာ ကျေးရွာအုပ်စု၊ မနီကုန်းရွာမှ စစ်သားများ၏ ပစ်ခတ်သတ်ဖြတ်မှုကို ခံခဲ့ရသည်။

ဒုံရင်းမြို့နယ် KNU အုပ်ချုပ်ရေး အဖွဲ့ဝင်တစ်ဦး အဆိုအရ ထိုပစ်သတ်ခံရသူ လူငယ်မှာ အသက် ၁၂ နှစ်အရွယ် စောသာဝေထွန်း ဖြစ်သည်။ သူသည် သူ၏ အဖေကို ကားပြင်ဆိုင်ရှေ့တွင် စောင့်ဆိုင်းနေစဉ် သမယ ရွာမှ ကုန်တင်ကား ခြောက်စီးဖြင့် လာသော တပ်မ ၂၂ လက်အောက်ခံ ခမရ ၅၄၆ မှ ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသွားသော ကလေး သာဝေထွန်းကို စစ်ကောင်စီ၏ တပ်မ ၂၂ တပ်စခန်းမှ ညနေပိုင်းတွင် အတင်းအကြပ် မီးသင်္ဂြိုလ်စေခဲ့သည်။

မျက်မြင်သက်သေ တစ်ဦးက “စစ်ကောင်စီတွေက လက်နက်ကြီး ရမ်းသန်းပစ်ခတ်တာကြောင့် နောက်ပိုင်းမှာ ကလေးမိဘတွေကို အမိန့်ပေးပြီး ကလေးကို ချက်ချင်း မြေမြှုပ်ခိုင်းခဲ့တာ။ ဘာလို့ဆို သူတို့က သေသွားတဲ့ သတင်းကို ဖုံးထားချင်တာ။”

(ဖားအံမြို့နယ်) KNU အုပ်ချုပ်ရေး သတင်းရင်းမြစ်များ အဆိုအရ စစ်ကောင်စီ၏ တပ်မ ၂၂ မှ ထိပ်တန်းစစ်ခေါင်းဆောင်တစ်ဦးကို ကလေးမိဘတွေဆီ သွားခဲ့ကြောင်း ပြောသည်။ သူတို့က ကလေး အသက်လျော်ကြေးအဖြစ် မြန်မာ ကျပ်ငွေ ၁၅ သိန်းကို လာဒ်ထိုးခဲ့သည်။ မိသားစုက ထိုငွေကို လက်ခံခဲ့ခြင်း ရှိမရှိမှာ မရှင်းပါ။ မည်သို့ပင် ဖြစ်စေ ဤကဲ့သို့သော အဓိပ္ပာယ်ကင်းမဲ့သည့် အကြမ်းဖက်မှုများသည် ပြည်သူအများကို အကြောက်တရား ဖြစ်ပေါ်စေပြီး စစ်သားများကို တာဝန်ခံစေခြင်း မရှိသည့်အခါ အပြစ်ပေးအရေးယူမှု ကင်းလွတ်ခွင့် စက်ဝန်းကို ပိုမို အားပေးရာ ရောက်စေသည်။

> “စစ်ကောင်စီတွေက လက်နက်ကြီး ရမ်းသန်းပစ်ခတ်တာကြောင့် နောက်ပိုင်းမှာ ကလေးမိဘတွေကို အမိန့်ပေးပြီး ကလေးကို ချက်ချင်း မြေမြှုပ်ခိုင်းခဲ့တာ။ ဘာလို့ဆို သူတို့က သေသွားတဲ့ သတင်းကို ဖုံးထားချင်တာ။”

**ကရင်ပြည်နယ်**

**တနင်္သာရီ တိုင်းဒေသကြီး**

### မွန်ပြည်နယ်

- IDP 3000+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 14 ဦးခန့်
- သေဆုံးသူ 6 ဦးခန့်

မွန်ပြည်နယ် တောင်ပိုင်းတွင် နေထိုင်ကြသော ဒေသခံများကို စစ်ကောင်စီ၏ လက်နက်ကိုင် တပ်ဖွဲ့များက အသက်အန္တရာယ်ရှိအောင် ပစ်ခတ် အန္တရာယ် ပြုကြသည်။ အချို့မှာ အသက်ဆုံးရှုံးကြပြီး အချို့မှာ ဒဏ်ရာရရှိကြကာ ဖြစ်ရပ်များအားလုံး တရားမျှတမှုကို မရပဲ အဆုံးသတ်ကြရသည်။ စစ်ကောင်စီက ညမထွက်ရအမိန့်ကို မလိုက်နာသူများကို အပြစ်ပေးခြင်း ဖြစ်သည်ဟု ပြောဆိုသည်။

ဧပြီလ ၂ ရက် နေ့လည် ၂ နာရီတွင် မွန်ပြည်နယ်တောင်ပိုင်း ရေးမြို့နယ် အောင်သာယာ ရွာအနီး ရေး-သံဖြူဇရပ် လမ်းမအနီးတွင် ကျည်ဆံဒဏ်ရာများဖြင့် အမျိုးသားတစ်ဦး၏ အလောင်းကို တွေ့ရှိခဲ့သည်။ အလောင်းကို စစ်ကောင်စီ၏ ထိုနေရာရှိ ကင်းပုန်း အနီးတွင် တွေ့ရှိခဲ့ခြင်းဖြစ်သည်။ သေဆုံးသူမှာ အသက် ၄၇ နှစ်အရွယ် နိုင်မြင့်နိုင်ဖြစ်ပြီး မော်ကနင်းရွာသားဖြစ်သည်။ "သေနတ်ဒဏ်ရာ ၁၂ ချက်လောက်တွေ့တယ်" ဟု ဒေသခံမျက်မြင်သက်သေက ဆိုသည်။

မွန်ပြည်နယ် ကျိုက်ထို မြို့နယ်အတွင်းတွင်လည်း ပစ်မှတ် သတ်သတ်မှတ်မှတ်မရှိပဲ စစ်ကောင်စီ၏ ပစ်ခတ်မှုများကြောင့် သေဆုံး ဒဏ်ရာရသော အပြစ်မဲ့ ပြည်သူများ ရှိသည်။ မတ်လ ၂၇ ရက် ညနေပိုင်းတွင် ဒေသခံ နှစ်ဦး သတ်ဖြတ်ခံရပြီး ရွာသားတစ်ဦးမှာ မယ်ယုန်လေးရွာတွင် ကျရောက်ပေါက်ကွဲသော မော်တာကျည်များကြောင့် ပြင်းထန်စွာ ဒဏ်ရာရှိခဲ့သည်ဟု နယ်မြေအတွင်းမှ သတင်းထောက်များ ကွန်ရက်က သတင်းထုတ်ပြန်ချက်အရ သိရသည်။

ကျိုက်ထိုမှ နှင်းကွင်းကလေးရွာ၏ရွာသား အသက် ၂၃ နှစ်အရွယ် ကိုလှုံထက်အောင်နှင့် ဘိုက်ကာ ရွာသား အသက် ၂၄ နှစ်အရွယ် စောနောင်ဦးတို့သည် ညနေ ၇ နာရီ ပတ်ဝန်းကျင်တွင် လက်နက်ကြီး ကျည်ဆံများ ထိမှန်ခံကြရသည်။ ကိုလှုံက နေရာတွင်ပင် သေဆုံးခဲ့ပြီး စောနောင်ဦးမှာ မတ်လ ၂၇ ရက် ညနေနှောင်းပိုင်းတွင် ကျိုက်ထိုဆေးရုံတွင် သေဆုံးသွားခဲ့သည်။ လက်နက်ကြီးကျည်များကို မဲ့ယုန်လေးရွာအနီး အခြေစိုက်သော စစ်ကောင်စီ တပ်ဖွဲ့များက ပစ်ခတ်ခဲ့ကြောင်း အတည်ပြုသည်။ ဗိုက်ကားကားရွာမှ နောက်ထပ် ရွာသားတစ်ဦးဖြစ်သူ ဦးမောင်ဝင်းဌေး အသက် ၄၅ နှစ်မှာလဲ ဆေးခန်းတွင် စိုးရိမ်ရသော အခြေအနေတွင် ဆေးကုသနေရသည်။

ရက်အနည်းငယ်သာ ကြာသောအခါ ကလေးနှင့် သက်ကြီးရွယ်အို အပါအဝင် အရပ်သား ငါးဦးမှာ မတ်လ ၂၉ ရက်နေ့တွင် ထပ်မံ၍ ဒဏ်ရာ ရရှိခဲ့သည်။ အိမ်များလည်း ပျက်စီးခဲ့သည်။ မျက်မြင်သက်သေ သုံးဦးက ဒဏ်ရာရသူများမှာ အသက် ၄ နှစ်အရွယ်ကလေး နှစ်ဦးနှင့် အသက် ၈၀ အဖွားအို တစ်ဦးတို့ ပါဝင်ပြီး လက်နက်ကျည်သူတို့အနား ကျသောအခါ သူတို့မှာ ပိတ်မိနေခဲ့ခြင်း ဖြစ်သည်ဟု HURFOM ကို ပြောသည်။

"ကလေး နှစ်ယောက်ထဲက တစ်ယောက် အခြေအနေ စိုးရိမ်ရတယ်။ မော်တာကျည် အကြီး တစ်လုံးက သူနေတဲ့ အိမ်ပေါ်ကို ကျပြီး ပေါက်ကွဲတဲ့အခါ လက်နက်ကြီးစက သူ့ ညာဖက် မျက်လုံးနဲ့ ခေါင်းကို ထိသွားခဲ့တာ။

မော်တာက အသက် ၈၀ အဖွားကိုလည်း ထိသွားခဲ့ပြီး နောက်ထပ် အသက် ၁၃နှစ် ကလေးနှင့် အမျိုးသမီးတစ်ဦးလည်း ထိသွားခဲ့သည်။ ကလေးများနှင့် သက်ကြီးရွယ်အိုများမှာ အလျှင်အမြန် ထွက်ပြေးနိုင်ခြင်း မရှိကြဘူး။ သူတို့က အမြဲ ထိခိုက်ခံရတယ်။" အချို့သော ရွာသားများက ပစ်ခတ်သံများ ကြားသောအခါ ၎င်းတို့၏ အိမ်များအောက်တွင် ရှိသော ဖုံးခိုကျင်းများအတွင်း တိမ်းရှောင်ကြသည်။

ဘီးလင်း မြို့နယ်မှ ဒေသခံများ အဆိုအရ မွန်ပြည်နယ် သထုံခရိုင် ဘီးလင်း မြို့နယ် အလူးလေးရွာကို ဧပြီလ ၁၂ ရက် နံနက် ၈း၃၀ နာရီတွင် စစ်တပ်က တမင်သက်သက် လက်နက်ကြီးများဖြင့် ပစ်ခတ်ခဲ့ရာ အနည်းဆုံး နယ်ခံ ရှစ်ဦး ဒဏ်ရာရရှိခဲ့သည်။ မြို့အတွင်းသို့ လက်နက်ကြီး ၁၂ လုံး ကျရောက်ခဲ့သည်။ ဒေါ်ခင်လေး၊ ဖွားရှမ်းမနှင့် ကိုထိန်လင်းဦး တို့ အပါအဝင် အနည်းဆုံး လူရှစ်ဦး ဒဏ်ရာရခဲ့သည်။ ဒေသခံ တစ်ဦးမှာ ၎င်း၏ အိမ်အနီး လက်နက်ကြီး ကျည်တစ်ခု ကျရောက်ပေါက်ကွဲခဲ့ပြီး ထိမှန်ခဲ့သောကြောင့် စိုးရိမ်ရသော အခြေအနေတွင်ရှိသည်။ တိုက်ပွဲများအတွင်း ခန့်မှန်းခြေ အိမ်ဆယ်လုံး ပျက်စီးခဲ့ပြီး အိမ်သုံးလုံးကို စစ်ကောင်စီ စစ်သားများက ၎င်းတို့ ရွာမှ ထွက်ခွာသည့်အခါတွင် မီးရှို့ခဲ့သည်။

နှစ်ဖက် ပဋိပက္ခများကြောင့် အလူးလေး ရွာမှ ဒေသခံ ၉၀၀ ကျော်မှာ ဘေးကင်းလုံခြုံရေးအတွက် အနီးအနားရှိ ၎င်းတို့၏ ဆွေမျိုးများ နေအိမ်များနှင့် တောများအတွင်းသို့ ထွက်ပြေး တိမ်းရှောင်ခဲ့ကြရသည်။ ဧပြီလ ၁၄ ရက် ညနေရောက်သည်အထိ စစ်ရှောင်များက စစ်ကောင်စီသည် ၎င်းတို့ ပုန်းခိုနေသော နေရာများ အနီးသို့ လက်နက်ကြီး မော်တာများ ဆက်လက် ပစ်ခတ်နေဆဲ ဖြစ်ကြောင်း သတင်းပို့ခဲ့သည်။ ဟယ်လီကော်ပတာများသည်လည်း ဝဲပျံလျက်ရှိပြီး ရွာသားများအား စိုးရိမ်ကြောက်လန့်မှုများ ဖြစ်စေသည်။

စစ်အုပ်စု၏ သားကောင်ဖြစ်ရသူများအပေါ် စာနာထောက်ထားမှုကို ပြသခြင်းသည်ပင် ရာဇဝတ်မှု ကျူးလွန်ခြင်း ဖြစ်ရသည်။ ဧပြီလ ၂၁ ရက် သံဖြူဇရပ် မြို့နယ်မှ မွန်ဒေသခံ မနိုးနိုးက ပဒီးကြီး ရွာတွင် စစ်ကောင်စီ၏ လေကြောင်းတိုက်ခိုက်မှုတွင် သေဆုံးခဲ့ရသူများအတွက် ဝမ်းနည်းကြောင်း ပို့စ်တင်ခဲ့သည်။ ထိုနောက် သူ့ကို စစ်ကောင်စီ၏ လျှို့ဝှက်ရဲများနှင့် စစ်ထောက်လှမ်းရေးများက သူ၏ အိမ်ကို ဝင်ရောက်စီးနင်းကာ တရားမဝင်ဖမ်းဆီးခေါ်ဆောင် သွားခဲ့သည်။ ဧပြီလ ၁၁ ရက်နေ့တွင် စစ်တပ် ဂျက်လေယာဉ်တစ်စီးက ပဒီးကြီးရွာတွင် အိမ်တက် အခန်းအနားအတွက် စုရုံးရောက်ရှိနေသော လူ ၂၀၀ ခန့်အပေါ် ဗုံးများကြဲချခဲ့သည်။ ဗုံးများကြဲချပြီး ၁၀ မိနစ်ခန့်ကြာသောအခါ Mi-35 တိုက်ခိုက်ရေး ရဟတ်ယာဉ်က ထိုနေရာကို သေနတ်များဖြင့် ပစ်ခတ်ခဲ့ပြန်သည်။

ညနေပိုင်းတွင် ဒေသခံများက မနက်ပိုင်းတိုက်ခိုက်မှုကြောင့် သေဆုံးသူများ၏ အလောင်းများ ကောက်ယူနေစဉ် စစ်ဂျက်လေယာဉ်တစ်စီးက နောက်ထပ် လေကြောင်းတိုက်ခိုက်မှုကို ထပ်မံ လုပ်ဆောင်ခဲ့သည်။ အဆိုပါ ရက်စက်ကြမ်းကြုတ်သော တိုက်ခိုက်မှုများ နှင့် ပတ်သက်၍ လူမှု ကွန်ရက် အသုံးပြုသူ အများအပြားက သူတို့၏ စာနာမှုကို ပြသခဲ့ကြပြီး ကျူးလွန်ခံရသူများနှင့် မိသားစုများအတွက် ဝမ်းနည်းကြောင်း ရေးသားခဲ့ကြသည်။ နိုးနိုးမှာ ထိုလူအများထဲမှ တစ်ဦး ဖြစ်သည်။ သူက သူ၏ ပရိုဖိုင်း ဓါတ်ပုံကို အနက်ရောင်သို့ ပြောင်းခဲ့ပြီးနောက် ထိုသို့ လုပ်ဆောင်ခြင်းအတွက် သူ့ကို ဖမ်းဆီးခဲ့သည်။ ယင်းမှာ သူ့အနေဖြင့် ဒုတိယအကြိမ် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရခြင်း ဖြစ်ပြီး ပုဒ်မ ၅၀၅ ဖြင့် တရားစွဲဆိုခံရသည်။ နွေဦးတော်လှန်ရေး အစောပိုင်းတွင် သူအဖမ်းခံခဲ့ရပြီး ၂၀၂၂ ခုနှစ် လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် ပြန်လွတ်လာခဲ့ခြင်း ဖြစ်သည်။

စစ်အုပ်စုမှာ နိုင်ငံရေး အကျဉ်းသားများကို ပြန်လွှတ်ပေးလိုက် ပြန်ဖမ်းလိုက်လုပ်ခြင်းအတွက် လူသိများသည်။ စစ်တပ် ကျောထောက်နောက်ခံပြု မွန်ပြည်နယ် အကျဉ်းဦးစီးဌာနက ဧပြီလ ၁၇-၁၈ ရက်တွင် ကျရောက်သော မြန်မာ့ ရိုးရာနှစ်သစ်ကူးအထိန်းအမှတ်အဖြစ် အကျဉ်းသား ၂၂၀ ကို စတင်လွှတ်ပေးခဲ့သည်။ သို့ရာတွင် မွန်ပြည်နယ်အတွင်း မည်သည့် အကျဉ်းထောင်ကမျှ မည်သည့် နိုင်ငံရေး အကျဉ်းသားတစ်ဦးတစ်ယောက်မျှ လွှတ်ပေးခဲ့ခြင်း မရှိကြောင်း HUR-FOM က အတည်ပြုသည်။

*"ခါတိုင်းလိုပဲ စစ်ကောင်စီက မူးယစ်ဆေးဝါး အမှုတွေ ရာဇဝတ်မှု ကျူးလွန်သူတွေကို ဦးစားပေး ပြန်လွှတ်ပေးတယ်"* ဟု မော်လမြိုင်အခြေစိုက် စေတနာ့ဝန်ထမ်း ရှေ့နေတစ်ဦးက ပြောသည်။

*"ကျိုက်မရော ထောင်မှာ တော်လှန်ရေးမှာ ပါဝင်ခဲ့တဲ့ နိုင်ငံရေး အကျဉ်းသား ရာနဲ့ချီ ဖမ်းဆီးထားတာ ရှိသည်။ အားလုံးကို လွှတ်ပေးရမှာ"* ဟု အကျဉ်းသား လူငယ်တစ်ဦး၏ မိခင်ဖြစ်သူက ပြောသည်။

*"ကျိုက်မရော ထောင်မှာ တော်လှန်ရေးမှာ ပါဝင်ခဲ့တဲ့ နိုင်ငံရေး အကျဉ်းသား ရာနဲ့ချီ ဖမ်းဆီးထားတာ ရှိသည်။ အားလုံးကို လွှတ်ပေးရမှာ"*

## တနင်္သာရီ တိုင်းဒေသကြီး

- IDP 9000+ ဦးခန့်တိုးမြင့်လာ
- ဒဏ်ရာအနာတရဖြစ်သူ 26 ဦးခန့်
- သေဆုံးသူ 16 ဦးခန့်

ကရင်ပြည်နယ်

မွန်ပြည်နယ်

ဒေသခံ မျက်မြင်သက်သေများက တနင်္သာရီတိုင်းဒေသကြီး တောင်ပိုင်း၊ မြိတ်ခရိုင်၊ တနင်္သာရီ မြို့နယ်တွင် ဧပြီ ၇ ရက်နေ့ နံနက် ၁၁း၀၀ နာရီခန့်က မော်တော်ဆိုင်ကယ် စီးလာသော လူငယ် နှစ်ဦး ပစ်ခံရပြီး တစ်ဦးသေ၊ ပြီး နောက်တစ်ဦးမှာ ဒဏ်ရာရရှိပြီး အဖမ်းခံခဲ့ရသည် ဟု ပြောသည်။ စစ်ကောင်စီ တပ်ဖွဲ့များက ဆိုင်ကယ်စီးလာသော လူငယ်နှစ်ဦးကို မြိတ်-ထားဝယ် ကားလမ်းမကြီးအနီး ပနက်ငယ်ရွာ အနီးတွင် သေနတ်ဖြင့် ပစ်ခဲ့ရာ အသက် ၂၀ အရွယ် မောင်ကျော်ထွေး သေဆုံးပြီး သေဆုံးသူ၏ ဝမ်းကွဲ ညီအစ်ကို ဆိုင်ကယ်အတူစီးလာသူမှာ အဖမ်းခံခဲ့ရခြင်း ဖြစ်သည်။

စစ်ကောင်စီ၏ လုံခြုံရေး တပ်ဖွဲ့များက အနီးအနားတွင် ကင်းလှည့်နေစဉ် လူငယ် နှစ်ဦးကို ပစ်ခတ်ခဲ့ခြင်းဖြစ်သည်။ “သေဆုံးသွားသူ၏ မိသားစုက အလောင်းကို ပြန်တောင်းခဲ့သည်။ အလောင်းကို ပြန်ပေးခဲ့ခြင်း မရှိပါ။” ဟု ဒေသခံ တစ်ဦး ကပြောသည်။

၂၀၂၃ ခုနှစ် ဧပြီလ ၆ ရက်နေ့တွင် စစ်ကောင်စီ၏ ကမ်းရိုးတန်းတိုင်းဒေသကြီး လက်အောက်ခံ တပ်ဖွဲ့များက ရေဖြူထားဝယ်ဒေသ၊ ဇာဒီရွာတွင် မော်တော်ဆိုင်ကယ် စီးလာသူ ဒေသခံ ရွာသားတစ်ဦးကို ညနေ ၄း၀၀ နာရီခန့်တွင် ပစ်ခတ်ခဲ့သည်ဟု ဇာဒီးရွာသားများက ပြောသည်။ သေဆုံးသွားသူမှာ ဇာဒီးရွာသား အသက် ၃၀ အရွယ် ကိုအောင်ကို ဖြစ်သည်။

“စစ်ကောင်စီ စစ်သားတွေက ကုန်ကားပေါ်ကနေ သူ့ကို လှမ်းပစ်လိုက်ပြီး အလောင်းကို ကန်ဘောက်ကို သယ်သွားခဲ့တယ်။ ပစ်ခံရတဲ့သူက ပစ်ပြီးစမှာ မသေသေးဘူး။ နောက်တရက် ဧပြီ ၇ ရက်နေ့မနက်မှာ စစ်သားတွေက ရွာက သင်္ချိုင်းကို အလောင်းကို ယူလာပြီး သူတို့ကို အမြန်မြေမြှုပ်ဖို့ ပြောတယ်” ဟု ဇာဒီး ရွာသားတစ်ဦးက ပြောသည်။

ဖြစ်စဉ်ဖြစ်ပွားရာ နေရာအနီး အလုပ်လုပ်နေခဲ့သော ဒေသခံ မျက်မြင်သက်သေများက ကိုအောင်ကိုသည် ရော်ဘာခြံမှ ပြန်လာစဉ် စစ်ကုန်တင်ကား သုံးစီးနှင့် ခေါင်းပြန်-ဇာဒီး လမ်းတွင် တွေ့ဆုံခဲ့သည်။ စစ်သားများကိုသူ့ကို သေနတ်ဖြင့် ပစ်ရာ သူက ကွန်ကရစ် လမ်းပေါ် လဲကျသွားခဲ့သည်။ သူ့အလောင်းကို ကန်ဘောက်သို့ သယ်ဆောင်သွားပြီး ဧပြီလ ၇ ရက် နံနက်တွင် ပြန်လည် ပေးပို့ခဲ့ခြင်း ဖြစ်သည်။

HURFOM မှတ်တမ်းများအရ ၂၀၂၂ ခုနှစ်မတ်လတွင် ဇာဒီရွာမှ ရွာသား ခြောက်ဦး ဖမ်းဆီးခံခဲ့ရသည်။ ၂၀၂၃ ခုနှစ် ဧပြီလ ၄ ရက်နေ့တွင် နှစ်ဦး ပြန်လွတ်လာခဲ့ပြီး ကျန်းမာရေး အရာရှိချုပ် ဦးအောင်မင်းမှာ ထိန်းသိမ်းခံထားရဆဲ ဖြစ်သည်။

၂၀၂၃ ခုနှစ် ဧပြီလ ၁၁ ရက်နေ့တွင် ထားဝယ်ခရိုင် ရေဖြူမြို့နယ်ရှိ ကလိန်အောင်မြို့မှ ရွာသားများက ကလိန်အောင် ရဲစခန်းတွင် ထိန်းသိမ်းခံထားရသော ဒေသခံ လူ နှစ်ဦးအနက် တစ်ဦး သေဆုံးသွားခဲ့သည်ဟု ကွင်းဆင်း ကွန်ရက် အဖွဲ့ဝင်များကို ပြောသည်။ သေဆုံးသူမှာ အသက် ၅၀ အရွယ် ဦးဖြူဖြစ်ပြီး ဧပြီလ ၁၁ ရက်နေ့တွင် သေဆုံးခဲ့သည်။ ဧပြီလ ၈ ရက်နေ့တွင် သူ့ကို စစ်ကောင်စီ လက်အောက်ခံ လျို့ဝှက်ရဲတပ်ဖွဲ့က အသက် ၅၅ နှစ်အရွယ် ရွာသား ဖြစ်သူ ဦးကိုလေးမြင့်နှင့် အတူ ဖမ်းဆီးသွားခဲ့ခြင်း ဖြစ်သည်။ ယခုထက်တိုင် ဦးကိုလေးမြင့်နှင့် ပတ်သက်၍ သတင်းအချက်အလက် ရယူနိုင်ခြင်း မရှိပါ။

"ဖြစ်နိုင်ချေတစ်ခုက စစ်ကောင်စီ ထိန်းသိမ်းရေး စခန်းတွေမှာ တရားမဝင် နှိပ်စက်ညှင်းပမ်းမှုတွေ အများအပြားလုပ်တဲ့ အတွက် ဒဏ်ရာတွေ ကြောင့် သေသွားတာလည်း ဖြစ်နိုင်တယ်။ ရဲမှ သတင်းရင်းမြစ်တစ်ခု အဆိုအရ စစ်ကောင်စီက ဦးဖြူကို ဖမ်းဆီးခဲ့တာဖြစ်တယ်။ သူ့ဖုန်းကို သူတို့ ရှာဖွေတဲ့အခါ တော်လှန်ရေးနှင့် ပတ်သက်တဲ့ ဓါတ်ပုံတွေ တွေ့တယ်။ ရဲက မိသားစုကို သူ့အလောင်းကို ဧပြီလ ၁၃ ရက်နေ့မှာ ပြန်လည် ပို့ဆောင်ပေးမယ်လို့ အကြောင်းကြားခဲ့တယ်။" ဟု ဒေသခံ တစ်ဦးက ပြောသည်။

အကျဉ်းထောင်များအတွင်း ထိန်းသိမ်းထားသူများ သေဆုံးခြင်းသည် ထားဝယ်ခရိုင် တွင် အာဏာသိမ်းသည့် အချိန်မှစ၍ အမြောက်အများ ဖြစ်ပွားခဲ့ပြီး ဖြစ်ရပ် တစ်ခုချင်းစီမှာ တရားမျှတမှု သို့မဟုတ် တာဝန်ခံစေမှု မရှိပဲ ပြီးဆုံး ခဲ့ရသည်။

# အဓိက တွေ့ရှိချက်များ

1. ပစ်မှတ်ဒေသများအားလုံးတွင် ငွေဖောင်းပွမှုသည် အရပ်သားများအားသူတို့၏ အခြေခံ လိုအပ်ချက်များပြည့်မီမှု မရှိနိုင်စေသည့် အလုံးစုံ ပျက်သုံးစေသော အကြောင်းရင်း ဖြစ်လာနေခဲ့သည်။

2. မွန်ပြည်နယ် ကျိုက်ထိုတွင် စစ်ကောင်စီ၏ အတင်းအဓမ္မ ကင်းလှည့်ခိုင်းခြင်းကို ခံနေရပြီး ကင်းစောင့်တာဝန်ပျက်ကွက်သူများအတွက် ဂျူတီကြေး ပေးနေရသည်ဟု ဒေသတွင်းနေထိုင်သူများကပြောသည်။

3. မတည်ငြိမ်မှုနှင့် တင်းမာမှုများက လူများအား သူတို့၏ အိုးအိမ်များအား စွန့်ခွာစေခြင်းကြောင့် တိုက်ပွဲများသည် မြန်မာနိုင်ငံတွင် ပြည်တွင်း အဓမ္မရွှေ့ပြောင်းစေမှုများကို ဖြစ်ပွားစေသည်။

4. ရဲနှင့် စစ်ကောင်စီ ကျောထောက်နောက်ခံ ပြုထားသော ပြည်သူ့ စစ်များက တအိမ်တက်ဆင်း စစ်ဆေးမှုများကို ဆက်လက်လုပ်ဆောင်နေပြီး သူတို့ အလိုရှိသော လူစာရင်းတွင် ပါဝင်သူများကို လိုက်လံဖမ်းဆီးလျက်ရှိသည်။

5. မြန်မာနိုင်ငံတွင် နောက်လာမည့် ရွေးကောက်ပွဲတွင် ဒီမိုကရေစီ လိုလားသော ပါတီများ ဝင်ရောက်ယှဉ်ပြိုင်ခြင်းကို တားဆီးဖွယ်ရှိသော ဆုံးဖြတ်ချက်များကို စစ်အုပ်စုက စတင်ချမှတ်လားခြင်းအပေါ် စိုးရိမ်မှုများ ကျယ်ပြန့်နေသည်။ စစ်အုပ်စုသည် မဲဆန္ဒနယ် အများအပြားကို ပြောင်းလဲရန်/ကိုင်တွယ်ထိန်းချုပ်ရန် ကြိုးစားလျက်ရှိသည်။

6. မော်တော်ဆိုင်ကယ်များ၊ လက်ကိုင် ကိရိယာများ နှင့် ငွေကြေးတို့ကို အဓိက လမ်းမကြီးများတလျှောက် တမင်သက်သက် ဂိတ်များဖွင့်လှစ်ပြီး အရပ်သားများ ထံမှ သိမ်းယူခြင်း၊ ငွေညှစ်ခြင်းတို့ကို ပုံမှန်ပြုလုပ်နေသည်။ အရပ်သားများမှာ သူတို့၏ ကိုယ်ပိုင် ပစ္စည်းများ ပြန်လည်ရရှိရန်အတွက် အလွန်အကျွံ လာဒ်ငွေ ပေးနေကြရသည်။ သို့ရာတွင် အချို့သာ မြင့်မားလှသော ကုန်ကျစားရိတ်ကို တတ်နိုင်ကြသည်။

7. မြန်မာနိုင်ငံတွင် နှင့် ပစ်မှတ် ဒေသများ တလျှောက် နှိပ်စက်ညှင်းပမ်းမှုမှာ ကျယ်ကျယ်ပြန့်ပြန့်ဖြစ်ပွားနေပြီး အချက်အလက်ရယူရန်အတွက် အပြစ်မဲ့ အရပ်သားများမှာ ကြမ်းကြုတ် ကြောက်မက်ဖွယ်ကောင်းသော အပြုအမူများကို ခံစားနေကြရသည်။

8. ကုလသမဂ္ဂ အဖွဲ့အစည်းများနှင့် အာဆီယံ အပါအဝင် နိုင်ငံတကာ အသိုင်းအဝိုင်းသည် မြန်မာနိုင်ငံမြေပြင်တွင် ဖြစ်ပွားနေသော အခြေအနေများအပေါ် စစ်အုပ်စုအတွက် အရေးပေါ် အာရုံစိုက်မှုနှင့် နောက်ဆက်တွဲများအတွက် တောင်းဆိုရန် လိုအပ်ချက်များကို မြန်မြန်ဆန် တုန့်ပြန်နိုင်စွမ်းမရှိပဲ ဖြစ်နေသည်။

9. စစ်တပ်၏ ကျူးလွန်မှုများအပေါ် အပြစ်ပေးအရေးယူမှုမှ ကင်းလွတ်ခြင်းသည် တပ်မတော်ကို ကိုယ်စားပြုသော အဖွဲ့အစည်းများတွင် နက်နက်ရှိုင်းရှိုင်း အမြစ်တွယ်နေပြီး ယင်းသည် စစ်အုပ်စုအား လူ့အခွင့်အရေးချိုးဖောက်မှုများကို ဆက်လက် ကျူးလွန်နေစေသည်။

10. ကလေးများသည် စစ်အုပ်စု၏ ပစ်မှတ်ထားခြင်းကို ခံနေကြရပြီး ဆေးကုသမှု၊ အစားအစာ၊ ပညာရေး နှင့် ဘေးကင်းလုံခြုံစွာ နေထိုင်ခွင့် အပါအဝင် သူတို့၏ အခြေခံ လိုအပ်ချက်များ ဆုံးရှုံးနေသည်။

11. ဝရမ်းမဲ့ စီးနင်းဝင်ရောက်ခြင်းနှင့် အရပ်သား ဒေသများကို ပစ်မှတ်သတ်သတ်မှတ်မှတ် မထားပဲ ရမ်းသန်း ပစ်ခတ်ခြင်းတို့ကြောင့် စစ်အုပ်စု၏ ဥပဒေမဲ့ ဖမ်းဆီးခြင်းများ နှင့် ဥပဒေမဲ့ ထိန်းသိမ်းခြင်းများ ဆက်လက်ဖြစ်ပွားနေသည်။

# အကြံပြုချက်များ

**မွန်ပြည်နယ် လူ့အခွင့်အရေး ဖောင်ဒေးရှင်းက အောက်ပါတို့ကို ချက်ချင်း တောင်းဆိုလိုက်သည်။**

1. ကုလသမဂ္ဂ လုံခြုံရေး ကောင်စီသည် မြန်မာနိုင်ငံ မြေပြင်ရှိ အခြေအနေကို ချက်ချင်း နိုင်ငံတကာ ရာဇဝတ်ခုံရုံးသို့ လွှဲပြောင်းရမည်။

2. လူသတ် စစ်အုပ်စု၏ လက်တွင်းသို့ လက်နက်များ စီးဆင်းမှုကို တားဆီးရန် အရေးပေါ် ကမ္ဘာ တဝှမ်း လက်နက်ပိတ်ဆို့မှုကို ချမှတ်ရန်အတွက် ကမ္ဘာတဝှမ်း သက်ဆိုင်သူများက အခိုင်အမာ ပူးပေါင်းဆောင်ရွက် သွားရန်။

3. မြန်မာနိုင်ငံတွင် အထူးသဖြင့် အပြစ်မဲ့ အရပ်သားများအကြားတွင် သိသာထင်ရှားစွာ လူ့အသက် သေဆုံးမှုများကို ဖြစ်စေသော လေကြောင်းတိုက်ခိုက်မှုများကို ထိရောက်စွာ အဆုံးသတ်သွားစေရန် လေယာဉ်ဆီ အရေးယူ ပိတ်ဆို့မှု ပြုလုပ်ရန်။

4. စစ်အုပ်စု အရာရှိများနှင့် သူတို့၏ မိသားစုများ၏ ဘဏ္ဍာရေး ပိုင်ဆိုင်မှုများ၊ ပစ္စည်းဥစ္စာများကို တားမြစ်ပြီး ချစားသော စီးပွားရေး လုပ်ငန်းများကို နိုင်ငံခြား တိုင်းပြည်များနှင့် လုပ်ဆောင်ခြင်း မပြု နိုင်စေရန် သူတို့အပေါ် ပစ်မှတ်ထား အရေးယူ ပိတ်ဆို့မှု ပြုလုပ်ရန်။

5. တိုက်ခိုက်မှု ဘေးအန္တရာယ် ကြုံတွေ့နိုင်သည့် အရပ်သားများအား အာမခံချက်ပေးနိုင်သည့် ကာကွယ်ရေး ယန္တယားများကို အားဖြည့်ခြင်း အသစ်တဖန် တည်ဆောက်ခြင်းအားဖြင့် သူတို့ အနေဖြင့် တရားမျှတမှုကို ရရှိနိုင်စေပြီး တာဝန်ခံမှု လမ်းကြောင်းများကို ရရှိစေနိုင်သော အနေအထားကို ရောက်စေရန်။

6. မြေပြင်တွင် ၎င်းတို့၏ လူထု အသိုင်းအဝိုင်းများ၏ လိုအပ်ချက်များကို တုန့်ပြန်လျက် ရှိသည့် ဒေသခံ အဖွဲ့အစည်းများအတွက် ရံပုံငွေ ပံ့ပိုးမှုများကို အသစ်ထပ်ဆောင်ရန်နှင့် ဆက်လက် ပံ့ပိုး သွားရန်။ နယ်စပ်ဖြတ်ကျော်သော လမ်းကြောင်းများကို ရရှိစေပြီး လူသားချင်းစာနာမှု အထောက် အပံ့များအားလုံးကိုဒေသခံ လှုပ်ရှားသူများ၏ လက်တွင်သာ ရှိစေရန်။

7. မြန်မာနိုင်ငံအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံသူများသည် သူတို့၏ လုပ်ငန်းများကို ချက်ချင်း ရပ်တန့် ပြီး နိုင်ငံအတွင်း ဖွံ့ဖြိုးရေး စီမံကိန်းများတွင် သူတို့၏ ပါဝင်မှုများကို ရုတ်သိမ်းရန်။ ယင်းတို့တွင် လေဆိပ်များ၊ သင်္ဘောဆိပ်များနှင့် ဘိလပ်မြေ လုပ်ငန်းများပါဝင်ပြီး ၎င်းတို့ချည်းသာဟု မဆိုလိုပေ။

8. စစ်ကောင်စီ၏ နှိပ်စက်ညှင်းပမ်းမှုအား အသုံးပြုမှုကို ရုတ်တရက်နှင့် ချက်ချင်း ရပ်တန့်ရန်နှင့် မြန်မာနိုင်ငံတွင် သေဆုံးသည်အထိ နှိပ်စက်ညှင်းပမ်းခံရသော အရပ်သားများ ဥပဒေမဲ့ သေဆုံးမှု ကိုသာမက စိတ်ဒဏ်ရာ ခံစားရစေပြီး ရလာဒ်အားဖြင့် ရေရှည်တွင် ဒဏ်ရာများ ရရှိသော သူများ၏ ဖြစ်ရပ်များကို သက်သေပြသရန်အတွက် စုံစမ်းစစ်ဆေးမှုများ လုပ်ဆောင်ရန်လည်း မိမိတို့ တောင်း ဆိုသည်။

# လစဉ်ခြုံငုံသုံးသပ်ချက်

# Monthly Overview

## မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် တနင်္သာရီတိုင်းအတွင်းရှိ လူ့အခွင့်အရေးချိုးဖောက်မှု အခြေအနေများ

ဧပြီလ ၂၀၂၃

Human Right Foundation of Monland | April 2023